ပုံစံ(၁၁

## ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၅ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၄၈/၂၀၁၅)

| | |
|---|---|
| Mr. Hang Sang Pyo(ပိုင်ရှင်)<br>PANKO Myanmar Co.,Ltd၊<br>အမှတ်(၇၅/၇၆-B)၊ လော်ကားလမ်း၊<br>ရွှေပြည်သာမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဦးပြည့်ဖြိုးအောင်(အလုပ်သမား)၊<br>အမှတ်(၁၁၁၃)၊ အောင်မင်္ဂလာလမ်း၊<br>(၁၂)ရပ်ကွက်၊ ရွှေပေါက်ကံ၊ မြောက်ဥက္ကလာပ<br>မြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လော်ကားလမ်း၊ အမှတ်(၇၅/၇၆-B)ရှိ PANKO Myanmar Co.,Ltd ပိုင်ရှင် Mr. Hang Sang Pyo နှင့် အလုပ်သမား ဦးပြည့်ဖြိုးအောင် တို့ဖြစ်ပွားကြသော အငြင်းပွားမှုကို ရွှေပြည်သာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့မှ ညှိနှိုင်းဆောင်ရွက်သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိ အဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၇၅/၂၀၁၅)အရ ထိုအငြင်း ပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၅ ခုနှစ်၊စက်တင်ဘာလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် အလုပ်ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် တောင်းဆိုသည်မှ ဖြစ်ပွားလာသော အငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှအောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** တောင်းဆိုသူ အလုပ်သမား ပြည့်ဖြိုးအောင်သည် အလုပ်ရှင်မှ ကြီးလေးသောအပြစ် တစ်စုံတစ်ရာမရှိဘဲ အလုပ်မှထွက်ခိုင်းခြင်းနှင့် နောက်ဆုံးအကြိမ် ဝန်ခံကတိလက်မှတ်ရေးထိုးစေခြင်း၊ စက်ပြင်တစ်ယောက်အား စက်ပြင်ဌာနမှ အခြားဌာနသို့ ပြောင်းရွှေ့လုပ်ကိုင်စေခြင်းအား ကျေနပ်မှုမရှိ၍ ညှိနှိုင်းဖြေရှင်းပေးပါရန် တောင်းဆိုခြင်းနှင့် အလုပ်မှရပ်စဲသည့် တရားဝင်အကြောင်းကြားစာ ထုတ်ပြန်ခြင်းမရှိသည့်အတွက် ၂၆-၈-၂၀၁၅ ရက်နေ့မှစ၍ ညှိနှိုင်းဖျန်ဖြေနေစဉ်ကာလများအား အလုပ်လုပ်သည့်နေ့ရက်များအဖြစ် သတ်မှတ်ပေး၍ ကြန့်ကြာမှုနစ်နာကြေးအဖြစ်ပေးပါရန်နှင့် အလုပ်ပြန်လည်ခန့်ထားပေးပါရန် တောင်းဆိုခြင်း။

**ဆုံးဖြတ်ချက်အမှတ်(၁)။** (က) တောင်းဆိုသူ အလုပ်သမားအား အလုပ်ရှင်ရှေ့မှောက်တွင် ကတိဝန်ခံချက် လက်မှတ်ရေးထိုးစေပြီး ဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှစ၍ နောက်(၇)ရက်အတွင်း အလုပ်သမားအား မူလရာထူး၊ မူလလစာ၊ မူလနေရာတွင် မူလလုပ်သက်မပျက်ဖြင့် အလုပ်ပြန်လည်ခန့်ထားရန်၊

(ခ) ကြားကာနစ်နာကြေးအား အလုပ်မှထုတ်ပယ်လိုက်သည့် ၂၆-၈-၂၀၁၅ ရက်နေ့မှစ၍ အလုပ်ပြန်လည်ခန့်အပ်သည့် နေ့အထိ ရက်ပြည့်လုပ်သည့် နောက်ဆုံးထုတ်လစာ(OT)မပါဖြင့် ပေးရန်ဆုံးဖြတ်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၇၅/၂၀၁၅)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် PANKO Myanmar Co.,Ltd ပိုင်ရှင် Mr. Hang Sang Pyo မှ ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမားအလုပ်အကိုင်နှင့် လူမှုဖူလုံရေး ဝန်ကြီး

ဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ် (၂၅/၂၀၁၅) ဖြင့် ခုံသမာဓိကောင်စီအမှု အမှတ်(၄၈/၂၀၁၅) အားကြားနာစစ်ဆေးမည့် ခုံအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့မှတ်တမ်းနှင့် တင်ပြလာသောစာရွက်စာတမ်းအထောက်အထားများ၊ စစ်ဆေးခံချက်များအပေါ်အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** အလုပ်သမား ဦးပြည့်ဖြိုးအောင်အား မူလရာထူး၊ မူလလစာ၊ မူလနေရာတွင် မူလလုပ်သက်မပျက်ဖြင့် ပြန်လည်ခန့်ထားပေးရန်နှင့် ကြားကာလနစ်နာကြေးပေးရန် သင့်/မသင့်။

**သုံးသပ်ချက်အမှတ်(၁)။** အလုပ်သမား ဦးပြည့်ဖြိုးအောင်သည် အလုပ်ရှင်မှ အလုပ်ချိန်အတွင်း အလုပ်မလုပ်ဘဲ စကားပြောနေသဖြင့် ဝန်ခံကတိလက်မှတ်ရေးထိုးခိုင်းမှုအား လက်ခံခြင်းမရှိဘဲ ခွင့်ပြုချက်မဲ့ စက်ရုံမှထွက်ခွာ၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့သို့ သွားရောက်တိုင်ကြားခဲ့သည်။ ထိုသို့တိုင်ကြားရခြင်းသည် စက်ရုံတွင်း ညှိနှိုင်းရေးကော်မတီဖွဲ့စည်းဆောင်ရွက်ထားခြင်းမရှိခြင်းကြောင့် ဖြစ်သဖြင့် ရန်ကုန်တိုင်းခုံသမာဓိအဖွဲ့မှ အလုပ်သမား ဦးပြည့်ဖြိုးအောင်အား အလုပ်ရှင်ရှေ့မှောက်တွင် ကတိဝန်ခံချက် လက်မှတ် ရေးထိုးစေပြီး ၊ အလုပ်ပြန်ခန့်ရန်နှင့် ကြားကာလနစ်နာကြေးပေး ရန်ဆုံးဖြတ်ခဲ့သည်။

သို့သော် စက်ရုံမှ အလုပ်ပြန်လည်ခန့်အပ်ခြင်းမပြုလိုတော့ဘဲ အလုပ်သမားအား အလုပ်ထုတ်သည့်နေ့ (၂၆-၈-၂၀၁၅) ရက်နေ့မှ အလုပ်ပြန်လည်ခန့်ထားရမည့်နေ့ (၇-၁၀-၂၀၁၅) ရက်နေ့အထိအား ကြားကာလနစ်နာကြေးခံစားခွင့်ပြု၍ ဥပဒေနှင့်အညီ အလုပ်ထုတ်နစ်နာကြေးခံစားခွင့်ပြုပြီး အလုပ်မှရပ်နားခွင့်ပြုရန် တင်ပြလာခဲ့ရာ အလုပ်သမား ဦးပြည့်ဖြိုးအောင်မှလည်း လက်ခံဆောင်ရွက်လိုကြောင်း တင်ပြခဲ့သည်။

ထို့ကြောင့် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ အငြင်းပွားမှုအမှတ်(၇၅/၂၀၁၅) ဆုံးဖြတ်ချက်အပေါ် အောက်ပါအတိုင်းပြင်ဆင်ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ အလုပ်သမား ဦးပြည့်ဖြိုးအောင်အား (၇/၂၀၁၅)လစာ(OT မပါ နှုန်းဖြင့် တွက်ချက်၍ အလုပ်ထုတ်သည့်နေ့ (၂၆-၈-၂၀၁၅) ရက် နေ့မှ အလုပ်ပြန်လည်ခန့်ထားရမည့်နေ့(၇-၁၀-၂၀၁၅)ရက်နေ့ အထိ အား ကြားကာလနစ်နာကြေးခံစားခွင့်ပြုရန်၊ အလုပ်ထုတ်နစ်နာ ကြေး လဝက်စာခံစားခွင့်ပြုရန်နှင့် အလုပ်သမား ဦးပြည့်ဖြိုးအောင် အား အလုပ်မှရပ်နားရန် ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည်အထက်တွင်ဖော်ပြထားသောနေ့ရက်နေ့မှစ၍အာဏာတည်စေရမည်။

၂၃။ အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်းပေး ရမည်။ အလုပ်ရှင်ဘက်မှ ပေးရန်ပျက်ကွက်ပါက ၂၀၁၂ ခုနှစ်၊ အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးနည်းဥပဒေ ပုဒ်မ ၂၉ အရ အဆိုပါငွေကို မြေခွန်မပြေကျန်ငွေကဲ့သို့ အရကောက်ခံ ရမည်။

| | | |
|---|---|---|
| ဦးခွန်းအေး | ဦးအောင်စံတင် | ဦးဌေး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |